**1 တန်းနှင့် 2 တန်း**

Public education
**Discover a world of opportunities**

# စာဖတ်ခြင်း
# အိမ်တွင် လေ့လာသင်ယူခြင်း

## ပိုမိုသော စာဖတ်ရန် အကြံဉာဏ်များ

### အတူတကွ ဖတ်ရှုပါ

သင် သင့်ကလေးနှင့်အတူ စာဖတ်နေသည့်အခါ -

- သင့်အား ဖတ်ပြရန် သူတို့အား တိုက်တွန်းပါ
- ပုံဇာတ်လမ်းနှင့်ရုပ်ပုံများတွင် ဘာဖြစ်နေသည် ဆိုသည့်အကြောင်းကို ပြောဆိုပါ
- ပုံဇာတ်လမ်းရှိအဓိကကျသော စကားလုံးများကို ထောက်ပြပြီး သူတို့ မသိနိုင်သည့် စကားလုံးများကို ရှင်းပြပါ
- သူတို့မသိသည့် စကားလုံးများကို သင့်အား ပြခိုင်းပါ

> ဟန်ဆောင်လုပ်ရသည့် ကစားနည်းများကို ကစားခြင်း ဥပမာ ဆိုင်၊ ကျောင်း၊ ကားဂိုဒေါင်၊ အိမ်နှင့် စားသောက်ဆိုင် တို့သည် ကလေးများအား စကားလုံးများကို သင်ယူရန်နှင့် နေ့စဉ်ဘဝတွင် စာဖတ်ခြင်းကို မည်သို့အသုံးပြုကြောင်း အထောက်အကူပေးပါသည်။

- ရပ်ဆိုင်းပြီး မေးပါ-*နောက်ထပ် ဘာဖြစ်မည်ဟု သင် ထင်ပါသလဲ။* ပြီးတော့ *သင် အဲဒီလို ထင်တာ ဘာကြောင့်လဲ။* – သူတို့အဖြေများကို ၄င်းတို့မှာ သိပ်မမှန်သည့်တိုင်အောင် လက်ခံပါ
- ပုံဇာတ်လမ်း တစ်ခုလုံးရှိ ထပ်ခါတလည်ပါရှိနေသော ကာရံတူစကားလုံးများ သို့မဟုတ် စကားစုများကို လိုက်ဆိုလိုက်လုပ်ရန် အားပေးတိုက်တွန်းပါ
- *မေးပါ အဘယ်ကြောင့် မေးခွန်းများ ဥပမာ- အဘယ်ကြောင့်နည်း ဟူသောမေးခွန်းများကို မေးပါ၊ ဥပမာ- စာရေးသူသည် ၄င်းကို ပုံဇာတ်လမ်းတွင် ထည့်ထားသည်ကို အဘယ်ကြောင့် သင် ထင်သလဲ။*
- ပုံဇာတ်လမ်း ဖတ်ရှုနေသည့်အရှိန်ကို သူတို့ အနှောင့်အယှက်ပေးသည်ဖြစ်သည့်တိုင်အောင် သူတို့၏ မေးခွန်းများကို ဖြေကြားပါ – သူတို့၏ အကြံဉာဏ်များကို သင် တောင်းခံနေကြောင်း သတိရပါ။

> သင့် ကလေး အမှန်တကယ် ကြိုက်နှစ်သက်မည့် အရာများကို ဖတ်ပါ သို့မှသာ သူတို့သည် စာဖတ်ခြင်းကို နှစ်သက်ရန် သင်ယူလေ့လာမည်။

> သင့်ကလေးသည် သူတို့ မသိသော စကားလုံးကို တွေ့သည့်အခါ စကားလုံးရှိ အက္ခရာစာလုံးများကို ကြည့်ရန်နှင့် စကားလုံး တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အသံထွက်ဆိုရန် သူတို့အား တိုက်တွန်းပါ - ဤကိစ္စကိုလုပ်ရန် သူတို့အား အချိန်ပေးပါ။

သင့်ကလေးနှင့်အတူ စာဖတ်ခြင်းကို ပြီးဆုံးပြီးနောက်-

- သူတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် ပုံဇာတ်လမ်းကို သင့်အား သို့မဟုတ် အခြား မိသားစုဝင်အား  ပြန်ပြောပြရန် သူတို့ကိုခိုင်းပါ သို့မဟုတ်
- ဖြစ်ရပ်များနှင့် ဇာတ်ကောင်များ အကြောင်းကို မေးပါ၊ ဥပမာ သင့် *အကြိုက်နှစ်သက်ဆုံး ဇာတ်ကောင်က မည်သူနည်း။* နှင့် *၄င်းဖြစ်ရပ်သည် မည်သည့်နေရာတွင် ဖြစ်ပွားခဲ့သနည်း။*
- စာအုပ်ရှိ ဇာတ်ကောင်များကို သင် သိသည့်လူများနှင့် နှိုင်းယှဉ်ကြည့်ပါ
- အဘယ်ကြောင့် စာအုပ်ကို ရေးခဲ့ကြောင်းနှင့် ဇာတ်လမ်းရှိ အမှာသတင်းများ အကြောင်းကို ပြောဆိုပါ
- အကယ်၍ စာအုပ်တွင် ဖြစ်ရပ်မှန် အများအပြားပါဝင်နေလျှင် ဘာကို လေ့လာခဲ့ကြောင်း သူတို့ကိုမေးပါ
- စာရေးသူ၏ အမည်ကို ထောက်ပြပါ၊ ၄င်းအပြင် အကယ်၍ သူတို့ စာအုပ်ကို နှစ်သက်လျှင် ၄င်းစာရေးသူ ရေးသည့် အခြားစာအုပ်တစ်အုပ်ကို ဖတ်ရှုရန် အကြံပြုပါ

> သင့်ကလေးများအား သင် ပုံဇာတ်လမ်း ဖတ်ပြသည့်နည်းလမ်းသည် သူတို့ ၄င်းကို မည်မျှ ကြိုက်နှစ်သက်ကြောင်း အပေါ် အကြီးအကျယ် ပြောင်းလဲပေးနိုင်သည်။ တိရစ္ဆာန် အမျိုးမျိုးတို့၏ အသံများကို လုပ်ပြပြီး အမျိုးမျိုးသော ဇာတ်ကောင်များအတွက် သင့်အသံကို ပြောင်းပေးပါ။

Department of
**Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015